အီဒုလ်ဖိသိရ် ဝါကျွတ် အီးဒ်ပွဲတော်နေ့အထိမ်းအမှတ်
မြန်မာနိုင်ငံသား အစ္စလာမ်ဘာသာဝင်များထံသို့ ပြည်ထောင်စုဝန်ကြီးချုပ်မှပေးပို့သော သဝဏ်လွှာ

===

ရက်စွဲ - ၂၀၂၁ ခုနှစ်၊ မေလ (၁၄)ရက်။

အစ္စလာမ်ဘာသာဝင်များ၏ ဘာသာရေးဆိုင်ရာ နေ့ထူးနေမြတ်တစ်ရက်ဖြစ်သည့် အီဒုလ်ဖိသိရ် ဝါကျွတ် အီးဒ်ပွဲတော်နေ့အခါသမယတွင် မြန်မာနိုင်ငံသား အစ္စလာမ်ဘာသာဝင်များအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာပို့သလိုက်ပါသည်။ အစ္စလာမ်ဘာသာဝင်များသည် နှစ်စဉ် ရမဇ္ဇါန် လမြတ်အခါသမယသို့ ရောက်တိုင်း ဥပုသ်ဆောက်တည်ခြင်း၊ အလ္လာဟ် အရှင်မြတ်အား ဝတ်ပြုဆုတောင်းခြင်း၊ ဆင်းရဲနွမ်းပါးသူများကို အလှူဒါန ပြုမျှဝေပေးခြင်း စသည့် ကောင်းမှုများကို ပြုကျင့်ဆောက်တည်ကြကြောင်း သိရပါသည်။ ယင်းသို့ တစ်လတိုင်တိုင် ကောင်းမှုများ ပြုကျင့်ဆောက်တည်ကြပြီး (ရာမဇ္ဇါန်) လမြတ်ကုန်ဆုံးချိန်တွင် မိမိတို့ ပြုကျင့်ဆောက်တည်ခဲ့သော ကောင်းမှုများအတွက် ရွှင်လန်းချမ်းမြေ့စွာ အီဒုလ်ဖိသိရ် ဝါကျွတ် အီးဒ်ပွဲတော်ကို ဆင်နွှဲကြကြောင်း သိရပါသည်။ ယခုအချိန်တွင် မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ ပြည်သူပြည်သားအားလုံးသည် အကြမ်းဖက် စစ်အာဏာရှင်များ၏ ဖိနှိပ်ညှဉ်းပန်းသတ်ဖြတ်နေမှုများကို ခံနေကြရပြီး စစ်အာဏာရှင်စနစ်ကို မြန်မာ့မြေပေါ်မှ အပြီးတိုင် ချုပ်ငြိမ်း ပျောက်ကွယ်သွားရေးအတွက် ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံ ပါဝင်သည့် ပြည်သူတစ်ရပ်လုံးက ညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေကြသည်ကို လေးစားဂုဏ်ယူဖွယ်ရာ တွေ့မြင်ကြားသိနေရပါသည်။

ဆက်လက်၍လည်း လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ ခွင့်တူညီမျှရေးနှင့် ခွဲခြားဆက်ဆံမှုကင်းသည့် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် အမျိုးသားညီညွတ်ရေးအစိုးရသည် ပြည်သူလူထု တစ်ရပ်လုံးနှင့် အတူ လက်တွဲကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြလိုပါသည်။ သို့ဖြစ်ပါ၍ ဝါကျွတ် အီးဒ်ပွဲတော်နေ့ အခါသမယတွင် အစ္စလာမ်ဘာသာဝင်များအားလုံး ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာကြပါစေကြောင်း နှင့် ဘေးအန္တရာယ် ခပ်သိမ်းကင်းဝေးပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဤသဝဏ်လွှာကိုပေးပို့လိုက်ပါသည်။

မန်းဝင်းခိုင်သန်း
ပြည်ထောင်စုဝန်ကြီးချုပ်
အမျိုးသားညီညွတ်ရေးအစိုးရ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်